ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၇ ၊ အမှတ် ၃                                   ၂၀၂၂ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁ ရက်

## (၃၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားကျင်းပခြင်း




၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သော (၃၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် (၂၆-၁-၂၀၂၂) ရက်နေ့ (၀၉:၃၀) နာရီ မှ (၁၀:၃၀) နာရီ အချိန်ထိ အကောက်ခွန်ဦးစီးဌာနရုံးချုပ် ၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးလှစိုး ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့် ၊ စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦး ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအကဲများ ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း (၇၈) ဦး တက်ရောက်ခဲ့ပါသည်။

(၃၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ ဝန်ကြီးချုပ် ဦးလှစိုး နှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေတို့က အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။




ဦးစီးဌာနရှိ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည်အကောင်းဆုံးဆု ရရှိခဲ့သော ဝန်ထမ်းများ ၊ ဌာန၏ ဂုဏ်ပြုမှတ်တမ်းတင်ဆု ရရှိခဲ့သော ဝန်ထမ်းများ ၊ ဌာန၏ ချီးကျူးဂုဏ်ပြုဆုရရှိခဲ့သော ဝန်ထမ်းများအား ဆုများအသီးသီးချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ ဝန်ကြီးချုပ် ဦးလှစိုး နှင့် အဖွဲ့ဝင်များသည် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)ရှိ အကောက်ခွန်သမိုင်းပြတိုက်၌ လှည့်လည်ကြည့်ရှုခဲ့ရာ ညွှန်ကြားရေးမှူး (စီမံ) က အကောက်ခွန်သမိုင်းပြတိုက် ဆောင်ရွက်ခဲ့မှုမှတ်တမ်းများအား ရှင်းလင်း တင်ပြခဲ့ပါသည်။



# ပြင်ပမှ အကောက်ခွန်မှူးရာထူးခန့်ထားရေးအတွက် ဆန်းစစ်စာမေးပွဲကျင်းပခြင်း



အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်မှူးရာထူး နေရာများတွင် ပြင်ပမှ ခေါ်ယူခန့်ထားနိုင်ရေးအတွက် လျှောက်ထားလာသူ (၃၃) ဦးအား ဆန်းစစ်စာမေးပွဲများပြုလုပ်၍ စစ်ဆေးခဲ့ပါသည်။

ရေးဖြေ ဆန်းစစ်စာမေးပွဲအား အကောက်ခွန်သင်တန်းကျောင်းတွင် (၇-၁-၂၀၂၂) ရက်နေ့ (၉:၀၀ မှ ၁၅:၀၀) နာရီထိ အထွေထွေဗဟုသုတ နှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့အား ဖြေဆိုစေခဲ့ပြီး (၈-၁-၂၀၂၂) ရက်နေ့တွင် ကွန်ပျူတာဘာသာရပ်အား လည်းကောင်း ၊ (၁၀-၁-၂၀၂၂) ရက်နေ့တွင် အမျိုးသား ရေကူးကန်၌ ရေကူးဆန်းစစ်မှုအားလည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။



# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၄၅၃၂.၂၂၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများ အား စစ်ဆေးရာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ(၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၆၀) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၄၅၃၂.၂၂၄) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု

(၁၂.၁၁.၂၀၂၁) ရက်နေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ကုန်လှောင်ရုံ) သို့ စင်္ကာပူနိုင်ငံမှ လေကြောင်းလိုင်းအမှတ် ၊ 8M - 232 ၊ AWB No.59901007963 ဖြင့် PK Ex Myanmar Co.,Ltd က ID - 100188463320 (19-11-2021) ဖြင့် ပစ္စည်းထုတ်ယူခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားခြင်း မရှိသည့် Purtier Placenta Sixth Edition C/O - New Zealand (1)Item , (108) Pkgs , (6480) Units စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁,၁၅၂,၁၄၄,၀၀၀/-) အား စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် အမှုတွဲအမှတ် ၊ ၁-ရာ(ကလရ)/၂၀၂၂ (၂) နှင့် ၁-ရာ(ကလရ)/၂၀၂၂ (၃) ဖြင့် တားဆီးခဲ့သော အမှုဖြစ်ပါသည်။














# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၄၅၃၂.၂၂၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု








(၂-၁၂-၂၀၂၁) ရက်နေ့တွင် MITT ဆိပ်ကမ်းတာဝန်ကျစစ်ဆေးရေးအဖွဲ့မှ M Plus Myanmar Co.,Ltd ကတင်သွင်းလာခဲ့သော B/N (Ageing Stock) , Wagon (L.H.D) , Toyota Landcruiser , Model : 2019, 4500 cc, 10 seaters ယာဉ်အား စစ်ဆေးခဲ့ရာ ကျည်ကာယာဉ်ဟု သံသယရှိသဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ (၃-၁၂-၂၀၂၁) ရက်နေ့တွင် စာအမှတ် ၁၈-ရာ/၂၀၂၁ (၂၂၀၅) ဖြင့် ကျွမ်းကျင်အင်ဂျင်နီယာမှ လာရောက်စစ်ဆေးပေးပါရန် အကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။ ၄-၁၂-၂၀၂၁ ရက်နေ့တွင် ကျွမ်းကျင်အင်ဂျင်နီယာမှ MITT ဆိပ်ကမ်းသို့လာရောက်စစ်ဆေးခဲ့ပြီး အဆိုပါ မော်တော်ယာဉ်အား ကျည်ကာယာဉ် (Armoured Vehicle) ဖြစ်ကြောင်း (၁၄-၁၂-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ ကဆ (နပတ) ၅၀၇/၂၀၂၁/၀၈၉ ဖြင့် ပြန်လည်အကြောင်းကြားလာသဖြင့် ညွှန်ကြားရေးမှူး (ထုတ်/သွင်း) မှ (၃-၁-၂၀၂၂) ရက်နေ့တွင် သိမ်းဆည်းမိန့်ထုတ်ပြန်ရန် ညွှန်ကြားခဲ့သောကြောင့် အမှုတွဲအမှတ် ၊ ၁-ရာ/သီလဝါ/၂၀၂၂ (၁) ဖြင့် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၇,၁၀၅,၀၅၈/-) အား အမှုတွဲဖွင့်လှစ်ခဲ့သော အမှုဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၄၅၃၂.၂၂၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ ဖမ်းဆီးမှု






(၂၆-၁-၂၀၂၂) ရက်နေ့ (၁၇:၃၀) အချိန်ခန့်တွင် စစ်ကိုင်းမြို့ ၊ ရတနာပုံတံတား ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ကလေးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ် (၅) စီးအား စစ်ဆေးခဲ့ရာ Bong Maung Khant Co.,Ltd မှ ID No.10002 (8-12-2021) ဖြင့် တရားဝင်တင်သွင်းလာသော Urea Fertilizer N:46 % , Brand - MUKTA , C/O - India , မှာ ID ခွင့်ပြုပါ (5000) Kg ထက် ပိုမိုတင်ဆောင်လာသော Urea Fertilizer N:46%၊

စုစုပေါင်း (၆၆၅) အိတ် (33250) Kg ကို စစ်ဆေးတွေ့ရှိရသဖြင့် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၇,၀၉၄,၂၂၀/-) အား အမှုတွဲအမှတ် ၊ ၁၁-မရ/၂၀၂၂ (၀၀၁) ဖြင့် အမှုတွဲဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သော အမှုဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၄၅၃၂.၂၂၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ ဖမ်းဆီးမှု

(၂၂-၁-၂၀၂၂) ရက်နေ့ (၁၀:၀၀) နာရီအချိန်ခန့်တွင် ဘားအံမြို့နယ်မှူး ဦးစီးသောအဖွဲ့သည် အိန္ဒြုနှင့် သာမညကြား ရှောင်တခင်လှည့်လည်စစ်ဆေးစဉ် မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသော Nissan UD –12 W ယာဉ်အား စစ်ဆေးခဲ့ရာ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီများ (ဒီဇယ်ဆီ) အား စစ်ဆေးတွေ့ရှိခဲ့သဖြင့် တားဆီးခဲ့ပါသည်။

တားဆီးထားသောစက်သုံးဆီ(ဒီဇယ်ဆီ)များ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀,၃၄၀,၀၀၀/-) အား အမှုတွဲအမှတ် ၊ ၁၁-ဘအ/၂၀၂၂(၀၀၂) ဖြင့် လည်းကောင်း ၊ သယ်ဆောင်လာသောယာဉ် (၁) စီး ခန့်မှန်းတန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/-) အား အမှုတွဲအမှတ် ၊ ၁၁-ဘအ/ ၂၀၂၁ (၀၀၂-က) ဖြင့်လည်း ကောင်း ၊ အမှုတွဲ ဖွင့်လှစ်ခဲ့သော အမှုဖြစ်ပါသည်။






# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလအတွင်း  ခန့်မှန်းတန်ဖိုး ကျပ် (၄၅၃၂.၂၂၄)  သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြား ဖမ်းဆီး/ တားဆီးမှု













(၂၇-၁-၂၀၂၂) ရက်နေ့ (၀၇:၃၀) အချိန်ခန့်တွင် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် ရွှေနဒီခရီးသည်တင်မှန်လုံယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့မှ တားဆီးစစ်ဆေးရာ ယာဉ်ပေါ်တွင် ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း အပင်ပိုးသတ်ဆေး ၊ မှိုသတ်ဆေး (၈) မျိုး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁,၄၈၀,၀၀၀/-) အား အမှုတွဲအမှတ် ၁၁-မရခ/၂၀၂၂(၀၁၆-က) ဖြင့်လည်းကောင်း ၊ Mollar Super HD 40 (General) Engine Oil 5-Liter(1x6) 500 U စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃,၁၅၀,၀၀၀/-) အား အမှုတွဲအမှတ် ၁၁-မရခ/၂၀၂၂ (၀၁၆) ဖြင့်လည်းကောင်း အမှုတွဲဖွင့်လှစ် အရေးယူခဲ့သော အမှုဖြစ်ပါသည်။








# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၄၅၃၂.၂၂၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြား ဖမ်းဆီး/ တားဆီးမှု





ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျ ပူးပေါင်းအဖွဲ့ဝင်များ ပါဝင်သောလှည့်ကင်း စစ်ဆေးရေးအဖွဲ့သည် (၁၃-၁-၂၀၂၂) ရက်နေ့ တွင် ရေပူစစ်ဆေးရေးစခန်းအနီးရှိ ရှောင်ကွင်း လမ်းများအားရှောင်တခင် လိုက်လံစစ်ဆေးစဉ် (၁၅:၃၀) နာရီအချိန်ခန့်တွင် လာရှိုး-မူဆယ် လမ်းမပေါ်ရှိ ရေပူကျေးရွာအနီးတွင် ရပ်တန့် ထားသည့် မသင်္ကာဖွယ်ရာ ယာဉ်ပေါ်မှ တရား ဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင် ခြင်းမရှိသော ကျွန်းခွဲသားဆိုဒ်စုံ (၄၇) ချောင်း ၊ (၀.၇၆၇၈) တန် ခန့်မှန်းတန်ဖိုးကျပ် (၂,၃၀၃ ,၄၀၀/-) အား ပိုင်ရှင်မဲ့စစ်ဆေးတွေ့ရှိသဖြင့် အမှုတွဲအမှတ် ၊ ၁၁-လရ(ရပ)/၂၀၂၂(၀၀၂) ဖြင့် လည်းကောင်း ၊ အဆိုပါသစ်များတင်ဆောင်လာသော Toyota Hiace ယာဉ် ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၇,၀၀၀,၀၀၀/-) အားအမှုတွဲအမှတ် ၁၁-လရ(ရပ)(၀၀၂-က)ဖြင့်လည်းကောင်း အမှုတွဲဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ယာဉ်နှင့်သစ်များအား သစ်တောဦးစီးဌာနသို့ ဆက်လက်ဆောင်ရွက်နိုင်ရန် လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။